**JUSTICE FOR MYANMAR**

**သတင်းထုတ်ပြန်ချက်**

**ဇန်နဝါရီ ၃၁၊ ၂၀၂၃ | မြန်မာ**

# အာဏာသိမ်းကြိုးပမ်းမှုနှစ်နှစ်ပြည့်မှာ မြန်မာစစ်အုပ်စုအပေါ် ချမှတ်လိုက်တဲ့ ပစ်မှတ်ထားဒဏ်ခတ်ပိတ်ဆို့မှုတွေကို JFM ကြိုဆို

စစ်တပ်ရဲ့ အာဏာသိမ်းကြိုးပမ်းမှု နှစ်နှစ်ပြည့်မှာ အကြမ်းဖက်မြန်မာစစ်အုပ်စု၊ သူ့ရဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ လေယာဉ်ဆီတင်သွင်းရောင်းချသူတွေအပေါ် ချမှတ်လိုက်တဲ့ ဩစတြေးလျ၊ ကနေဒါ၊ ယူကေနဲ့ အမေရိကန်ပြည်ထောင်စု တို့ရဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို Justice For Myanmar က ကြိုဆိုပါတယ်။

မြန်မာပြည်သူတွေက နိုင်ငံတဝန်း အကြမ်းဖက်စစ်အုပ်စုရဲ့ အကြမ်းဖက်စစ်ဆင်ရေးကို ရဲရဲရင့်ရင့် ရင်ဆိုင်နေပြီး အာဏာသိမ်းကြိုးပမ်းမှု ကျရှုံးအောင် ပြတ်ပြတ်သားသား ဆက်လက်ခုခံနေကြချိန်မှာ အခုလို ဒဏ်ခတ်ပိတ်ဆို့မှုအသစ်တွေ ချမှတ်လာတာ ဖြစ်ပါတယ်။

ပြည်သူတွေရဲ့ ခုခံတော်လှန်မှုကို အကြမ်းဖက်စစ်အုပ်စုက စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေ ဆက်ပြီးကျူးလွန်းရင်းနဲ့ တုန့်ပြန်နေပါတယ်။ စစ်အုပ်စုက လူပေါင်း ၂၉၀၀ ကျော်ကို သတ်ဖြတ်ခဲ့ပြီး၊ လူပေါင်း ၁၇,၀၀၀ ကျော်ကို ဥပဒေမဲ့ ဖမ်းဆီးအကျဉ်းချခဲ့ပါတယ်။ မြန်မာနိုင်ငံတဝန်း အဆင်ခြင်မဲ့လေကြောင်းတိုက်ခိုက်မှုတွေ လုပ်ဆောင်ခဲ့ပြီး၊ လူပေါင်း ၁.၁ သန်းကျော် ကို စစ်ဘေးတိမ်းရှောင်စေခဲ့ပါတယ်။ စစ်အုပ်စုဆီ ငွေကြေး၊ စစ်လက်နက်တွေနဲ့ လေယာဉ်ဆီ တင်သွင်းရောင်းချမှုတွေဟာ ဆက်ပြီးကျူးလွန်နိုင်ဖို့ အားပေးကူညီခဲ့တာဖြစ်တယ်။

ကနေဒါနဲ့ ယူကေနှစ်နိုင်ငံလုံးက စစ်တပ်ဆီကို လေယာဉ်ဆီရောင်းချမှုတွေ ရပ်တန့်ဖို့ ပြည်တွင်းလူထုနဲ့ နိုင်ငံတကာ တောင်းဆိုလှုပ်ရှားမှုတွေအပေါ် တုန့်ပြန်ခဲ့ကြပါတယ်။

ကနေဒါနိုင်ငံက စစ်အုပ်စုဆီ လေယာဉ်ဆီတင်သွင်းရောင်းချမှုကို ပိတ်ပင်တဲ့ ကမ္ဘာ့ပထမဆုံး နိုင်ငံဖြစ်ပြီး၊ ယူကေနိုင်ငံက စစ်အုပ်စုထံ လေယာဉ်ဆီတင်သွင်းရောင်းချမှုမှာ ကြားခံပွဲစားအဖြစ် ဆောင်ရွက်ပြီး၊ စစ်အုပ်စုရဲ့ နိုင်ငံတကာရာဇဝတ်မှုတွေမှာ ကြံရာပါပတ်သက်နေတဲ့ ခရိုနီကုမ္ပဏီတွေဖြစ်တဲ့ Asia Sun Trading Company Limited နဲ့ ဆက်နွယ်ကုမ္ပဏီ Cargo Link Company Limited တို့အပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာလမှာ Amnesty International က Justice For Myanmar ရဲ့ သုတေသန ပံ့ပိုးကူညီမှုနဲ့ မြန်မာစစ်တပ်ရဲ့ လေယာဉ်လောင်စာဆီ ထောက်ပံ့ရေးကွင်းဆက်အကြောင်း ရေးသားထားတဲ့ "မရဏကုန်စည်" အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါတယ်။ အဲ့ဒီအစီရင်ခံစာမှာ Asia Sun Trading နဲ့ Cargo Link တို့ကို အမည်စာရင်း ဖော်ပြခဲ့ပါတယ်။

အဲ့ဒီအချိန်မှာ Justice For Myanmar ကလည်း ပစ်မှတ်ထားတဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေ လုပ်ဖို့အတွက် Asia Sun Group ကုမ္ပဏီ၊ ဒါရိုက်တာနဲ့ အစုရှယ်ယာရှင်များစာရင်းကို ထုတ်ပြန်ခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုက တရားမဝင်စစ်အုပ်စုရဲ့ စွမ်းအင်ဝန်ကြီး၊ မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့ လုပ်ငန်း (MOGE) ရဲ့ မန်နေးဂျင်း ဒါရိုက်တာနဲ့ ဒုတိယမန်နေးဂျင်းဒါရိုက်တာတို့ကို စစ်အုပ်စုရဲ့ အကြီးဆုံး နိုင်ငံခြားအခွန်ဝင်ငွေရရှိမှုမှာ တာဝန်ရှိတဲ့အတွက် ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ခဲ့တယ်။ ဒါပေမယ့်လည်း အမေရိကန်ပြည်ထောင်စုက MOGE အပေါ် ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ဖို့ ပျက်ကွက်နေဆဲဖြစ်တာတော့ စိတ်ပျက်စရာ ဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုက စစ်အုပ်စု တရားမဝင်ထိန်းချုပ်ထားတဲ့ အမြတ်အစွန်းအရမ်းများပြီး နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့ အမှတ် (၁) သတ္တုတွင်းလုပ်ငန်းနဲ့ အမှတ် (၂) သတ္တုတွင်းလုပ်ငန်းတို့ကိုလည်း ဒဏ်ခတ် ပိတ်ဆို့မှုတွေ ချမှတ်ခဲ့ပါတယ်။

ဩစတြေးလျနိုင်ငံက စစ်တပ်စီးပွားရေးလုပ်ငန်းစုကြီးတွေဖြစ်တဲ့ မြန်မာစီးပွားရေးကော်ပိုရေးရှင်း (MEC)၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEHL) နဲ့ စစ်ရာဇဝတ်ကောင် မင်းအောင်လှိုင်နဲ့ စိုးဝင်းတို့ အပါအဝင် စစ်အုပ်စုအဖွဲ့ဝင် ၁၆ ဦးတို့ကို ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ခဲ့တယ်။ အရင်ကတော့ မင်းအောင်လှိုင်နဲ့ စိုးဝင်းတို့ကို ရိုဟင်ဂျာတွေအပေါ် စစ်တပ်ရဲ့ လူမျိုးတုန်းသတ်ဖြတ်မှုမှာတာဝန်ရှိတဲ့အတွက် ဒဏ်ခတ် ပိတ်ဆို့မှု ချမှတ်ဖို့ကို ငြင်းဆိုခဲ့တယ်။

**Justice For Myanmar ရဲ့ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "စစ်တပ်စီးပွားရေးလုပ်ငန်းစုကြီးတွေ၊ စစ်အုပ်စုက တရားမဝင် ထိန်းချုပ်ထားတဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေနဲ့ စစ်တပ်ရဲ့ လေယာဉ်ဆီ ထောက်ပံ့မှုကွင်းဆက်တွေကို ပစ်မှတ်ထားတဲ့ ဩစတြေးလျ၊ ကနေဒါ၊ ယူကေနဲ့ အမေရိကန်ပြည်ထောင်စု တို့ရဲ့ အခုနောက်ဆုံးအသုတ် ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ကြိုဆိုပါတယ်။

"မြန်မာပြည်သူတွေဟာ စစ်အုပ်စုရဲ့ အာဏာသိမ်းမှုနဲ့ အတုအယောင်ရွေးကောက်ပွဲ အောင်မြင်ခြင်း မရှိစေဖို့ ရက်စက်ကြမ်းကြုတ်ပြီးတရားမဝင်တဲ့ အာဏာသိမ်းကြိုးပမ်းမှု၊ စစ်တပ်ရဲ့ အကြမ်းဖက် စစ်ဆင်ရေးတွေကို အင်တိုက် အားတိုက် ဆက်လက်ခုခံလျက် ရှိကြပါတယ်။

"စစ်အုပ်စုထံ ဘဏ္ဍာငွေ၊ လက်နက်နဲ့ လေယာဉ်ဆီတင်ပို့မှုက စစ်အုပ်စုကျူးလွန်နေတဲ့ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို အားပေးကူညီနေတာ ဖြစ်ပါတယ်။

"အခုချမှတ်လိုက်တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေက စစ်အုပ်စုရဲ့ အရင်းအမြစ်တွေရရှိနေမှုကို ဖြတ်တောက် ရာမှာ အပြုသဘောဆောင်တဲ့ခြေလှမ်းတရပ်ဖြစ်ပေမယ့် စစ်အုပ်စုရဲ့အခွန်ဝင်ငွေ၊ လက်နက်နဲ့ လေယာဉ်ဆီ အရင်းအမြစ်တွေကို စနစ်တကျပစ်မှတ်ထားတဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေ ပူးပေါင်းလုပ်ဆောင်ဖို့ များစွာ လိုအပ်လျက် ရှိပါတယ်။

"အခုအချိန်အထိ အီးယူကပဲ စစ်အုပ်စုကို ငွေကြေးထောက်ပံ့နေတဲ့ MOGE အပေါ် ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ထားပါတယ်။ အမေရိကန်ပြည်ထောင်စု၊ ကနေဒါနဲ့ ဩစတြေးလျနိုင်ငံတွေဟာ အီးယူလိုမျိုးပဲ MOGE အပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ဖို့ တောင်းဆိုပါတယ်။

"အမေရိကန်၊ ယူကေ၊ အီးယူနဲ့ ဩစတြေးလျတို့အနေနဲ့ ကနေဒါနိုင်ငံလို စစ်အုပ်စုဆီ လေယာဉ်ဆီတင်သွင်း ရောင်းချမှု တစ်ရပ်လုံး ပိတ်ပင်တားမြစ်ဖို့ တောင်းဆိုပါတယ်။

"ဂျပန်၊ တောင်ကိုရီးယားနဲ့ အိန္ဒိယတို့ အပါအဝင် ဒေသတွင်း ဒီမိုကရေစီနိုင်ငံတွေအနေနဲ့ ဒီမိုကရေစီ အတွက် အရေးတကြီး ရှေ့ထွက်ရပ်တည်ရမှာဖြစ်ပြီး၊ စစ်အုပ်စု၊ သူရဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ လက်နက် ပွဲစားတွေအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေ မဖြစ်မနေ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

"နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ အကြမ်းဖက်အဖွဲ့အစည်းဖြစ်တဲ့ စစ်အုပ်စုအပေါ် တညီတညွတ်တည်း အရေးယူ ဆောင်ရွက်ရမှာဖြစ်ပြီး၊ လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေအတွက် တာဝန်ခံစေရမှာ ဖြစ်ပါတယ်။ နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ မြန်မာပြည်သူတွေနဲ့အတူ ရပ်တည်ရပါမယ်။

**"နွေဦးတော်လှန်ရေး မုချ အောင်ရမည်"**

## ပိုမိုသိရှိရန်

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။

Justice For Myanmar | media@justiceformyanmar.org

https://www.justiceformyanmar.org/ | Mirror:

https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/